ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ SSE/NM/၃၅/၂၀၂၂

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ (၁)စွမ်းအင်ဝန်ကြီးဌာန၏ (၂၇.၁၀.၂၀၂၂) ရက်စွဲပါ စာအမှတ်၊ MOE-၁/၂(လုံခြုံရေး)(၃၉၉၈)/၂၀၂၂

(၂) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၂.၁၁.၂၀၂၂)ရက်စွဲပါ စာအမှတ်၊ ပဆ-၂/ရက(DMA) Notice (၁၁/၂၀)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော PTTEP International Limited ရေနံကုမ္ပဏီသည် ကမ်းလွန်ရတနာစီမံကိန်းမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ၃၆ လက်မ ပိုက်လိုင်းဖြင့်ဆက်သွယ်၍ ပြည်တွင်း/ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ အဆိုပါ ၃၆ လက်မပိုက်လိုင်းအား Acoustic Survey Operations လုပ်ငန်းများဆောင်ရွက်နိုင်ရန် ရတနာပလက်ဖောင်းမှ ဓမင်းဆိပ်ကမ်းခြေအထိ ပိုက်လိုင်းတစ်လျှောက်အား MV. HAILEY SARAH (Call Sign: JZPE) ရေယာဉ်ဖြင့် (၁၉.၁၁.၂၀၂၂) ရက်နေ့မှ (၃၀.၁၂.၂၀၂၂) ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ 36" Pipe Line Acoustic Survey Operations ဆောင်ရွက်မည့် ပိုက်လိုင်းတစ်လျှောက် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| Yadana Platform | 15° 07′ 23.19359″ N | 094° 46′ 58.13644″ E |
| Daminseik Shore | 14° 34′ 21.62433″ N | 097° 54′ 27.18368″ E |

၃။ သို့ဖြစ်ပါ၍ (၁၉.၁၁.၂၀၂၂) ရက်နေ့မှ (၃၀.၁၂.၂၀၂၂) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ပိုက်လိုင်းတစ်လျှောက်၏ ဘေးဘယ်ညာ ၂.၅ မိုင်ပတ်လည်အတွင်းသို့ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊

ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)